AUTHENTIC
MYANMAR Outbound Tour



comfort to destination

# ထိုင်ဝမ်

# HIGHLIGHT

## လေယာဉ်စီးချိန်

(၃) နာရီ (၅၅) မိနစ်

## အချိန်ကွာခြားမှု

(၁) နာရီ (၂၀) မိနစ်

## ရာသီဥတု

နွေဦးရာသီ (မတ်လမှမေလ) = 25˚C (ပျမ်းမျှ)
ဆောင်းဦးရာသီ (စက်တင်ဘာလမှ နိုဝင်ဘာလ) = 25˚C (ပျမ်းမျှ)
ဆောင်းရာသီ (ဒီဇင်ဘာလမှဖေဖော်ဝါရီလ) = 8˚C (ပျမ်းမျှ)
နွေရာသီ (ဇွန်လမှဩဂုတ်လ) = 30˚C (ပျမ်းမျှ)

## ဘာသာစကား

Mandarin Chinese

## အဓိက အစားအစာ

Beef noodle soup: or niu rou mian,
is the quintessential Taiwanese comfort food. ...
Fatty Minced Pork on Rice: ... Glutinous oil rice: ...
Oyster pancakes: ... Oyster Vermicelli: ...
Pig intestines (chitterlings): ...Scallion pancakes: ...
Stinky Tofu:

## သုံးစွဲသည့်ငွေ

NEW TAIWAN DOLLAR (NT$)

# AM- TAIWAN 07D/06N
# 2020
## YANGON-TAIWAN

ထိုင်ပေမြို့ သည် ထိုင်ဝမ်ဟု လူသိများသည့် တရုတ်သမ္မတနိုင်ငံ၏ မြို့တော်ဖြစ်ပါသည်။ ထိုင်ပေမြို့သည် ထိုင်ဝမ်ကျွန်း၏ မြောက်ဖက်အစွန်း တတိယအကြီးဆုံး ဆိပ်ကမ်းမြို့ဖြစ်သည့် ကြီးလုံမှ အနောက်တောင်ဖက် ၂၅ ကီလိုမီတာအကွာ တန့်ဆွေမြစ် ၊ ကြီးလုံမြစ် နှင့် ရှင်းတျန့်မြစ် မြစ်သုံးမြစ်ဆုံရာ ချိုင့်ဝှမ်းတွင် တည်ရှိပါသည်။ ထိုင်ပေမြို့ သည် ထိုင်ဝမ်၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အချက်အချာ မြို့ဖြစ်ပါသည်။

## ITINERARY AT A GLANCE

| DAY | DATE | DEPARTURE | TRANSFER | VISIT / FLIGHT | ARRIVE |
|---|---|---|---|---|---|
| DAY 01 | 2020 | **YANGON** | / | TAIPEI | TAICHUNG |
| DAY 02 | 2020 | TAICHUNG | | NANTOU | CHIAYI |
| DAY 03 | 2020 | CHIAYI | | KAOHSIUNG | KAOHSIUNG |
| DAY 04 | 2020 | KAOHSIUNG | | TAITUNG | TAITUNG |
| DAY 05 | 2020 | TAITUNG | | HUALIEN | HUALIEN |
| DAY 06 | 2020 | HUALIEN | | YEHLIU | TAIPEI |
| DAY 07 | 2020 | TAIPEI | / | * | **YANGON** |

**ခါတ်ပုံပါ အကြောင်းအရာ :** ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များ ၊ဗုဒ္ဓသမိုင်း ကြောင်းများ၊ ဗုဒ္ဓစာပေများကို လေ့လာနိုင်မည့် **Fo Guang Shan** ဗုဒ္ဓရုပ်ပွားတော်ကြီး



*comfort to destination*

# AM- TAIWAN 07D/06N
# 2020
YANGON-TAIWAN

## DAY 01 – YANGON- - TAIPEI - -TAICHUNG



**Yangon** အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာပြီး၊ **Taiwan** ရှိ **Taipei** မြို့မှ **Taiwan Taoyuan** အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ရောက်ရှိမည် ဖြစ်သည်။ လေဆိပ်တွင် ဒေသခံဧည့်လမ်းညွှန်မှ လာရောက်ကြို ဆိုပါမည်။ ထို့နောက် **Taichung** မြို့သို့ သွားရောက်ပါမည်။ **Fengjia Night Market** သို့ ဈေးဝယ်ထွက်ရန် ပို့ဆောင်ပေးပါမည်။

ညစာ ကို ဒေသခံစားသောက်ဆိုင် တွင် တည်ခင်းဧည့်ခံ ပါမည်။

**Taichung** မြို့ရှိ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

## DAY 02 - TAICHUNG- -NANTOU- -CHIAYI



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။

နံနက်စာ သုံးဆောင်ပြီးနောက် **Nantou** မြို့သို့ထွက်ခွာပါမည်။ **Nantou** မြို့သို့ မထွက်ခွာမီ **Rainbow Village** သို့ သွားရောက် လည်ပါတ်ပါမည်။ ထို့နောက် နာမည်ကျော် နေလကန်ဟု တင်စားခေါ်ဝေါ်ကြသည့် **Sun Moon Lake** သို့ သွားရောက်ပြီး ကန်အတွင်း **Speed–Boat** စီးပါမည်။ အပြန်လမ်းတွင် နာမည်ကျော် **Wenwu** ဘုရားကျောင်းကို လေ့လာကြည့်ရှုပါမည်။ ထို့နောက် **Skin Care Product Shop** သို့ သွားရောက်လည်ပါတ်၍ ဈေးဝယ်ထွက် ကြပါမည်။ ထို့နောက် **Chiayi** မြို့သို့ ဆက်လက်ထွက်ခွာပါမည်။

နေ့လည်စာ နှင့် ညစာ ကို ဒေသခံစားသောက်ဆိုင် တွင် တည်ခင်းဧည့်ခံ ပါမည်။

**Chiayi** မြို့ရှိ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

# AM- TAIWAN 07D/06N
# 2020
YANGON-TAIWAN

## DAY 03 - CHIAYI - -KAOHSIUNG



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။
နံနက်စာ သုံးဆောင်ပြီးနောက်တွင် ပေပေါင်း (6000) ကျော်အမြင့်ရှိသော **Alishan National Scenic Area** တောင်ပေါ်အမျိုးသား ဥယျာဉ်သို့ သွားရောက်လည်ပတ် ကြပါမည်။ လမ်းတွင် ဂျပန်ကိုလိုနီခေတ် ကတည်းက ဖောက်လုပ်ခဲ့သော ရထားလမ်းတွင် ရထားစီးပြီး လမ်းတလျှောက် သဘာဝ အလှအပများကို ကြည့်ရှုခံစားကြ ပါမည်။ နှစ်ပေါင်း (**2000**) ကျော်သက်တမ်း ရှိ သစ်ပင်ကြီး (**Scared Tree**) နှင့် နာမည်ကြီး ညီအမရေကန် (**Sister Pond**) ကိုသွားရောက်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးပါမည်။ ထို့နောက် **Kaohsiung** မြို့သို့ ဆက်လက်ထွက်ခွာပါမည်။ ထိုင်ဝမ်၏ နာမည်ကျော် **Pineapple Cake** ဆိုင်သို့သွားရောက်ပါ မည်။ ပြီးလျှင် **Hansin Department Store** သို့သွားရောက်ကာ ဈေးဝယ်လည်ပတ်ပါမည်။

နေ့လည်စာ နှင့် ညစာ ကို ဒေသခံစားသောက်ဆိုင် တွင် တည်ခင်းဧည့်ခံ ပါမည်။

**Kaohsiung** မြို့ရှိ ဟိုတယ်သို့ ပြန်ကာ အိပ်စက်အနား ယူပါမည်။

## DAY 04 - KAOHSIUNG - -TAITUNG



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။
နံနက်စာ သုံးဆောင်ပြီးနောက် ကောင်းရှုံမြို့ရှိ **Pier 2 Art Centre** သို့ သွားရောက်ပါမည်။ ထို့နောက် အေးချမ်းလှပတဲ့ ကြာကန်အတွင်းတွင် လက်ရာမြောက်စွာ ထုဆစ်ဆောက်လုပ်ထားသော **Dragons and Tiger Pagodas** သို့ သွားရောက်ဖူးမျှော်ပါမည်။ ထို့နောက် ထိုင်ဝမ်နိုင်ငံ၏ အကြီးဆုံးယဉ်ကျေးမှုစင်တာ ဖြစ်သည့် **Fo Guang Shan Buddha Museum** နှင့် **Fo Guang Shan** ဗုဒ္ဓရုပ်ပွားတော်ကြီးသို့သွားရောက် ဖူးမျှော်ပြီး ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များ ၊ဗုဒ္ဓသမိုင်း ကြောင်းများ၊ ဗုဒ္ဓစာပေများကို လေ့လာပါ မည်။ ထို့နောက် **Taitung** မြို့သို့ ဆက်လက်ထွက်ခွာပြီး ထိုင်ဝမ်နိုင်ငံရဲ့ နာမည်ကျော် ရေပူစမ်းနာမည်ကြီးသော **Taitung Zhiben Area** သို့ သွားရောက်လည်ပတ်ပါမည်။

နေ့လည်စာ နှင့် ညစာ ကို ဒေသခံစားသောက်ဆိုင် တွင် တည်ခင်းဧည့်ခံ ပါမည်။

**Taitung** မြို့ရှိဟိုတယ်တွင်ရေပူစမ်းစိမ်ရင်း အိပ်စက်အနားယူ ပါမည်။

# AM- TAIWAN 07D/06N
# 2020
YANGON-TAIWAN

## DAY 05 – TAITUNG - -HUALIEN



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။
နံနက်စာ သုံးဆောင်ပြီးနောက် **Little Yehliou** လို့တင်စားခေါ်ဝေါ်ကြသည့် **Xiao Yehliu Natural stone sculptural park** သို့ သွားရောက်ကာ နှစ်ထောင်ပေါင်းများစွာက နေ၊ ရေ၊ လေ ဒါဏ်တွေကြောင့် ပုံစံအမျိုးမျိုး ဖြစ်ပေါ် နေတဲ့ ကျောက်တောင်တွေကို လေ့လာကြည့်ရှုပါမည်။ ထို့နောက် ထိုင်ဝမ်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ထားနိုင်သည့် နေရာတွေထဲက တစ်ခုဖြစ်ပြီး လှိုင်းပုံစံ အခုံး (8) ခုဖြင့် ထူးခြားစွာ ဆောက်လုပ်ထားသော **Sanxiantai Arch Bridge** သို့သွားရောက်ပြီး ရှု့မငြီးနိုင်တဲ့ သဘာဝတရားရဲ့ ဆန်းကြယ်ခမ်းနားမှုကို မြင်တွေ့နိုင်ပါတယ်။ ပြီးနောက် **Hualien** မြို့သို့ ဆက်လက်ထွက်ခွာပါမည်။ ထိုင်ဝမ်နိုင်ငံ၏ အမျိုးသားဥယျာဉ် (9) ခုရှိသည့်အနက် တခုဖြစ်သည့် **Taroko Park** သို့သွားရောက် လည်ပတ်ပါမည်။ ပင်လယ်ရေ မျက်နှာပြင်အထက် **2408 m** အမြင့်ရှိပြီး ထိုင်ဝမ် နိုင်ငံ၏ အမြင့်ဆုံး ပင်လယ်ကမ်းရိုးတန်းချောက်ကမ်းပါးတခုဖြစ်သည့် **Qingshui Cliff** သို့သွားရောက် ပါမည်။

နေ့လည်စာ နှင့် ညစာ ကို ဒေသခံစားသောက်ဆိုင် တွင် တည်ခင်းဧည့်ခံ ပါမည်။
ထို့နောက် **Hualien** မြို့ရှိ ဟိုတယ်တွင်အိပ်စက်အနားယူပါမည်။

## DAY 06 – HUALIEN - -YEHLIU- -TAIPEI



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။
နံနက်စာ သုံးဆောင်ပြီးနောက် ရထားဖြင့် **Suaoxin** ဘူတာသို့ ထွက်ခွာပါမည်။ ကျောက်ဆောင်များ နှင့်ထိုင်ဝမ်၏ နံမည်ကြီး ဘုရင်မ ဦးခေါင်းပုံ ကျောက်ဆောင် ရှိရာ **Yahliu Geo Park** သို့ သွားရောက် ပါမည်။ ထို့နောက် ချန်ကေရှိတ်၏ အောက်မေ့ဖွယ်ရာ ဂုဏ်ပြုခန်းမဖြစ်သော **Chiang Kai-Shek Memorial Hall** သို့ သွားရောက်လည်ပါတ်ကြပါမည်။ ထိုမှတဖန် တိုင်ပေမြို့ရှိ နာမည်ကျော် မိုးမျှော် အဆောက်အအုံ တစ်ခုဖြစ်သော **Taipei 101 Tower** သို့သွားရောက်ပြီး တိုင်ပေမြို့၏ အလှအပများအား အပေါ်စီးမှ ကြည့်ရှု့ခံစားပါမည်။ ထို့နောက် **Ximending Shopping District** သို့သွားရောက် ဈေးဝယ် ပါမည်။

နေ့လည်စာ နှင့် ညစာကို ဒေသခံစားသောက်ဆိုင်တွင် တည်ခင်းဧည့်ခံပါမည်။
**Taipei** ရှိ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

## DAY 07 – TAIPEI- - - YANGON



ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပါမည်။
နံနက်စာ သုံးဆောင်ပြီးနောက်တွင် လေယာဉ်ကွင်းသို့ မထွက်ခွာမီ ချန်ကေရှိတ်၏ အောက်မေ့ဖွယ်ရာ ဂူဗိမ္မာန်ဖြစ်သော **Chiang Kai-Shek Memorial Hall** သို့ သွားရောက်လည်ပတ်ကြပါမည်။ ထို့နောက် Taipei မြို့ရှိ **Taiwan Taoyuan** အပြည်ပြည်ဆိုင်ရာလေဆိပ် မှ စတင်ထွက်ခွာ ကာ Yangon အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်မှာ ဖြစ်ပါသည်။

*****ထိုင်ဝမ် ခရီးစဉ် ပျော်ရွှင်စွာ ပြီးဆုံးပါပြီ****